မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ
ရင်းနှီးမြှုပ်နှံလိုသူ၏
အဆိုပြုချက်

မြဝတီစီးပွားရေးဇုန်နှင့်ဇုန်အတွင်းရှိကျေးရွာများသို့
လျှပ်စစ်ဓါတ်အားဖြန့်ဖြူးခြင်းလုပ်ငန်း

ညီနောင်ဦး ကုမ္ပဏီလီမိတက်

Nyi Naung Oo Co.,Ltd

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်နယ်အစိုးရအဖွဲ့ရုံး
ကရင်ပြည်နယ်

စာအမှတ်၊ ၂၀၀ / ၇ - ၁၁ / ဦး ၆
ရက် စွဲ ၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်

သို့
ဦးဇော်ညီညီ
ဒါရိုက်တာ
ညီနောင်ဦးကုမ္ပဏီလီမိတက်

အကြောင်းအရာ။ **မြဝတီစီးပွားရေးဇုန်သို့ လျှပ်စစ်မီးများ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ခွင့်ပြုပေးနိုင်ပါရန် လျှောက်ထားလာခြင်းကိစ္စ**

ရည် ညွှန်း ချက်။ ညီနောင်ဦးကုမ္ပဏီလီမိတက်၏ (၄-၂-၂၀၁၆)ရက်စွဲပါစာအမှတ်၊ ၁၀၀၀/၀၄၂/၁၂

ကရင်ပြည်နယ်၊ မြဝတီစီးပွားရေးဇုန်တွင် တည်ဆောက်လျက်ရှိသော စက်ရုံများအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၊ ENOVIA Automation Co.,Ltd ထံမှ လျှပ်စစ်ဓာတ်အားရယူဆောင်ရွက်သွားရန် ညီနောင်ဦးကုမ္ပဏီမှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားရယူဆောင်ရွက်ရာတွင် ပထမနှင့်ဒုတိယအဆင့် 22KV ဓာတ်အားလိုင်းဖြင့် 22/0.4 KV Transformerများ တည်ဆောက်ခြင်းနှင့် တတိယအဆင့် 115 KVဓာတ်အားလိုင်းနှင့် 115/22 KVဓာတ်အားခွဲရုံတည်ဆောက်ခြင်း လုပ်ငန်းများအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်၍ သဘောတူခွင့်ပြုမိန့် ချမှတ်ပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် တင်ပြလာသည့်ကိစ္စနှင့်ပတ်သက်၍ (၁၇-၂-၂၀၁၆) ရက်နေ့တွင် ကျင်းပပြုလုပ်သော ကရင်ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၇/၂၀၁၆) ဆုံးဖြတ်ချက်အပိုဒ်(၁၈)အရ **ကန့်ကွက်ရန်မရှိကြောင်း** အကြောင်းကြားပါသည်။

၁၉/၂/၂၀၁၆

ပြည်နယ်ဝန်ကြီးချုပ်(ကိုယ်စား)
(ဇော်လွင်ဦး၊ ညွှန်ကြားရေးမှူး)

မိတ္တူကို

ပြည်နယ်ဝန်ကြီး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန၊ ဘားအံမြို့

အင်ဂျင်နီယာမှူးကြီး၊ ပြည်နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ဘားအံမြို့

အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြဝတီမြို့

မျှော

လက်ခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း

နေပြည်တော်

စာအမှတ်၊ ၅၈၁ / ဦး(ဖွေ) / ၂၀၁၅

ရက်စွဲ ၊၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်

အကြောင်းအရာ။ **မြဝတီစီးပွားရေးဇုန်အတွက် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့မှ လျှပ်စစ်ဓာတ်အား ဝယ်ယူသုံးစွဲနိုင်ရေး ညှိနှိုင်းပြန်ကြားခြင်း**

ရည်ညွှန်းချက်။ Nyi Naung Oo Co.Ltd ၏ ၂၀.၁၀.၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၁၀၀၀ / ၀၃၇ /၁၂

၁။ Nyi Naung Oo Co.Ltd သည် ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ သယ်န်းညီနောင်မြို့ စီးပွားရေးဇုန်တွင် စက်ရုံများတည်ဆောက်၍ လျှပ်စစ်ဓာတ်အားကို ထိုင်းနိုင်ငံ၊ မဲဆောက်မြို့ ENOVA Automation Co. Ltd မှ သွယ်တန်းလျှက် ဝယ်ယူသုံးစွဲနိုင်ရေး လိုအပ်သလို ဆောင်ရွက်ပေးနိုင်ပါရန် ရည်ညွှန်းစာဖြင့် တင်ပြလာပါသည်။

၂။ အဆိုပါ စီးပွားရေးဇုန်တွင် လျှပ်စစ်ဓာတ်အားသွယ်တန်းသုံးစွဲနိုင်ရေးအတွက် သက်ဆိုင်ရာဒေသ တာဝန်ရှိသော အဖွဲ့အစည်းများ ဌာနဆိုင်ရာများ၏ သဘောတူညီချက်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် မှ နိုင်ငံခြားမှဓာတ်အားသွယ်တန်းရောင်းချရေး သဘောတူခွင့်ပြုချက်များ ဓာတ်အားခအတွက် သက်ဆိုင်ရာ လုပ်ငန်းရှင်များ၊ ဒေသတာဝန်ရှိသူများနှင့် သဘောတူညီချက်များရရှိရေး ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ လိုအပ်သော ခွင့်ပြုချက်များရရှိပါက ထိုင်းနိုင်ငံမှဓာတ်အားကို ပထမနှင့်ဒုတိယအဆင့် 22 kV ဓာတ်အားလိုင်းဖြင့် 22/0.4 KV Transformer များ တည်ဆောက်ခြင်းနှင့် တတိယအဆင့် 115 kV ဓာတ်အားလိုင်းနှင့် 115/22 kV ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းတို့အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ အောက်ပါအတိုင်း ဆောင်ရွက်ရန်လိုအပ်ပါသည်-

(က) ကရင်ပြည်နယ်၊ မြဝတီခရိုင်သို့ 230 kV ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ သွယ်တန်းတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်မှ စတင်လျာထားခဲ့ပြီး ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး လျာထားဆောင်ရွက်လျှက်ရှိပါသည်။ မြဝတီသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရရှိပါက မြဝတီစီးပွားရေးဇုန်ကိုလည်း အလားတူဖြန့်ဖြူးပေးသွားမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စီးပွားရေးဇုန်အတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ရာတွင် Transmission Line & Substation ကို 230 KV ဓာတ်အားပို့လွှတ် လက်ခံနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊ Distribution Line & Substation များကို နိုင်ငံတော်ဓာတ်အားစနစ်၏ Voltage

System များဖြစ်သော 33 kV, 11 kV စနစ်များဖြင့် ဓာတ်အားပို့လွှတ် လက်ခံနိုင်ရေး စီစဉ်ဆောင်ရွက်ထားရမည် ဖြစ်ပါသည်။

(ခ) စက်မှုဇုန်အတွင်းရှိ လုပ်ငန်းရှင်များနှင့် ဓာတ်အားဖြန့်ဖြူးမည့် Nyi Naung Oo Co.Ltd တို့မှလည်း နိုင်ငံတော်ဓာတ်အားစနစ်ရောက်ရှိပါက တည်ဆဲလျှပ်စစ်ဥပဒေနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ Infrastructure များ ဓာတ်အားခများအတိုင်း လိုက်နာဆောင်ရွက်သွားရမည်ကို ကတိပြုလက်ခံဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

(ဂ) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရောင်းချခြင်းအတွက် နိုင်ငံကြေး(Royalty Fee) ကို ပေးသွင်းရမည်ကို သဘောတူညီကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် တစ်နှစ်လျှင်တစ်ကြိမ် စာချုပ်ချုပ်ဆို ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ Nyi Naung Oo Co.Ltd အနေဖြင့် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့ ENOVA Automation Co, Ltd မှ ဓာတ်အားကို သွယ်တန်းလျက် မြဝတီစီးပွားရေးဇုန်သို့ ဖြန့်ဖြူးပေးနိုင်ရေးအတွက် သက်ဆိုင်ရာဒေသအစိုးရအဖွဲ့၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းသဘောတူညီချက်ရရှိရန် လိုအပ်ကြောင်းနှင့် အပိုဒ်(၃)ဖော်ပြပါ အကြံပြုချက်များနှင့်အညီ ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း ညှိနှိုင်းအကြောင်းကြားအပ်ပါသည်။

မြင့်အောင်
ဦးဆောင်ညွှန်ကြားရေးမှူး

Managing Director
Nyi Naung Oo Co.Ltd

မိတ္တူကို
(၁) ဝန်ကြီးရုံး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။
(၂) ညွှန်ကြားရေးမှူးချုပ်၊ လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန။
(၃) ဦးဆောင်ညွှန်ကြားရေးမှူး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း။
(၄) ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း။
(၅) ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ(ကရင်)၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း

NNO
Nyi Naung Oo
Company Limited

NYI NAUNG OO COMPANY LIMITED

Room-108, Building 1, Hotel Yangon Compound,
No. 91/93, Corner of Pyay Road & Kabaraye Pagoda Road,
8th mile Junction, Mayangone Township, Yangon, Myanmar.

Office Phone : (95) 1-04985724
E-mail: nyinaungoo.co.ltd@gmail.com

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့

ရက်စွဲ၊ ၄-၅-၂၀၁၆၊

အကြောင်းအရာ။ **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့အဆိုပြုလွှာ ပေးပို့ တင်ပြခြင်း။**

၁။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းထားသော ညီနောင်ဦး ကုမ္ပဏီလီမိ တက်သည်ကရင်ပြည်နယ်၊မြဝတီမြို့မှ(၇)မိုင်ခန့်အကွာ မြဝတီသက်န်းညီနောင် ကားလမ်းမြောက် ဘက်ခြမ်း မြဝတီကြိုးပြင်ကာကွယ်တောတွင်ရှိသည့် မြေဧက(၂၁၀)တွင်မြဝတီစီးပွားရေးဇုန် ကို တည်ထောင်ရန် ရင်းနှီးတည်ဆောက်သူအဖြစ် ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှလည်း (၇-၄-၂၀၁၅) ရက်စွဲပါခွင့်ပြုမိန့်အမှတ် (မနသ-၁၀၄၉/၂၀၁၅)ဖြင့်ခွင့်ပြုခဲ့ပါ သည်။

၂။ ယခုအခါပထမအဆင့်အဖြစ်မြေကွက် (၄၅)ကွက် (၁၁၈.၁)ဧက ကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များသို့ စက်ရုံ၊အလုပ်ရုံများ တည်ဆောက်နိုင်ရန်အတွက် မြေငှားရမ်းရေးတို့ကို စီစဥ်ဆောင်ရွက်လျှက်ရှိပါသည်။ စက်ရုံအလုပ်ရုံများတည် ဆောက်ပြီး စက်လည် ပတ်နိုင်ရန်မှာ လျှပ်စစ်ဓါတ်အားရရှိရန်လိုအပ်ပါသည်။ National Power Grid Line မှလျှပ်စစ်ဓါတ်အားအပြည့်အဝမရရှိနိုင်ပါသဖြင့် စီးပွား ရေးဇုန်အတွင်းနှင့်ဇုန် နယ်နမိတ်အတွင်းရှိ ကျေးရွာများသို့ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးနိုင်ရန် ထိုင်းနိုင်ငံမှ လျှပ်စစ်ဓါတ်အား သွယ်တန်းရယူရေး အတွက် ENOVA Grid Enterprise (Myanmar) Co.,Ltd နှင့် ညှိနှိုင်းထားပြီးဖြစ်ပါသည်။

၃။ အဆိုပါ လျှပ်စစ်ဓါတ်အားသွယ်တန်းရယူရေးကိစ္စအားကရင်ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြ သဘောတူညီးချက် ရယူထားပြီးဖြစ်ရာ ယင်းလုပ်ငန်းအား မြန် မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်သို့ခွင့်ပြုမိန့် ကို လျှောက်ထား အပ်ပါ သည်။

၄။ သို့ဖြစ်ပါ၍ ညီနောင်ဦးကုမ္ပဏီလီမိတက်၏ အဆိုပြုလွှာကို စိစစ်ပေးနိုင်ပါရန်အဆိုပြုလွှာများကိုပေးပို့တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

(သန်းမြင့်)
အုပ်ချုပ်မှုဒါရိုက်တာ

NYI NAUNG OO COMPANY LIMITED

Nyi Naung Oo
Company Limited

Room-108, Building 1, Hotel Yangon Compound,
No. 91/93, Corner of Pyay Road & Kabaraye Pagoda Road,
8th mile Junction, Mayangone Township, Yangon, Myanmar.

Office Phone : (95) 1-04985724
E-mail: nyinaungoo.co.ltd@gmail.com

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ရက်စွဲ၊ ၄ - ၅ - ၂၀၁၆

အကြောင်းအရာ။ **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုမိန့်နှင့်မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၂၀ အရ အခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့်သက်သာခွင့်များ လျှောက်ထားခြင်း။**

၁။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းထားသော ညီနောင်ဦး ကုမ္ပဏီလီမိတက်သည်ကရင်ပြည်နယ်၊မြဝတီမြို့မှ(၇)မိုင်ခန့်အကွာ မြဝတီသက်နန်းညီနောင် ကားလမ်းမြောက် ဘက်ခြမ်း မြဝတီကြို့းဖြင်ကာကွယ်တောတွင်ရှိသည့် မြေဧက(၂၁၀)တွင်မြဝတီစီးပွားရေးဇုန်ကို တည်ထောင်ရန် ရင်းနှီးတည်ဆောက်သူအဖြစ် ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံ မှုကော်မရှင်၏ (၇-၄-၂၀၁၅) ရက်စွဲပါခွင့်ပြုမိန့်အမှတ် (မရက-၁၀၄၉/၂၀၁၅)ဖြင့်ခွင့်ပြုခဲ့ပါ သည်။

၂။ ယခုအခါပထမအဆင့်အဖြစ်မြေကွက် (၄၅)ကွက် (၁၁၈.၁)ဧက ကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များသို့ စက်ရုံအလုပ်ရုံများ တည်ဆောက်နိုင်ရန်အတွက် မြေငှားရမ်းရေးတို့ကို စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ စက်ရုံအလုပ်ရုံများ တည်ဆောက်ပြီး စက်လည်ပတ်နိုင်ရန်မှာ လျှပ်စစ်ဓါတ်အားရရှိရန်လိုအပ်ပါသည်။ National Power Grid Line မှလျှပ် စစ်ဓါတ်အား အပြည့်အဝမရရှိနိုင်ပါသဖြင့် စီးပွား ရေးဇုန်အတွင်းနှင့်ဇုန် နယ်နမိတ်အတွင်းရှိကျေးရွာများသို့ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးနိုင်ရန် ထိုင်းနိုင်ငံမှ လျှပ်စစ်ဓါတ်အားသွယ်တန်းရယူရေးအတွက် ENOVA Grid Enterprise (Myanmar) Co.,Ltd နှင့် ညှိနှိုင်းထားပြီးဖြစ်ပါသည်။

၃။ အဆိုပါ လျှပ်စစ်ဓါတ်အားသွယ်တန်းရယူရေးကိစ္စကို ကရင်ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြသဘောတူညီးချက်ရယူထားပြီးဖြစ်ရာယင်းလုပ်ငန်းအား မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ခွင့်ပြုမိန့်ကို လျှောက်ထား အပ်ပါသည်။

၄။ အဆိုပြုသည့် လုပ်ငန်းအတွက် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ပမာဏမှာ ကျပ်ငွေသန်း(၃၀၀၀) ဖြစ်ပြီး အမေရိကန်ဒေါ်လာ(၂.၃၂)သန်းခန့် တန်ဖိုးရှိသည့် စက်ပစ္စည်းကိရိယာများကို ပြည်ပမှတင်သွင်းမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ငွေများရရှိစေ ရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် [illegible]

ကောင်းမြွေဝတီစီးပွားရေးဇုန်နှင့် ဇုန်အတွင်းရှိကျေးရွာများတွင် လျှပ်စစ်ဓါတ်အား အပြည့်အဝရရှိစေရန် အတွက်လည်းကောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်လာစေရန်အတွက်လည်းကောင်း၊ ကျွန်တော်များ ညီနောင်ဦးကုမ္ပဏီလီမိတက်၏ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုမိန့် လျှောက်ထား ခြင်းကို လက်ခံစဉ်းစား ပေးပါရန်နှင့် မြန်မာနိုင်ငံသားများရင်း နှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၂၀ အရ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကိုလည်း ခံစားခွင့်ပြုပါရန် လျှောက်ထားအပ်ပါသည်။

၆။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်း အထောက်အထားများကို ပူးတွဲတင်ပြ အပ်ပါသည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းမြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ကမကထ ပြုသူ၏ လုပ်ငန်းဆောင်ရွက်ရန်အဆိုပြုချက်၊

(ခ) လုပ်ငန်းပိုင်းနှင့်ငွေရေးကြေးရေး အထောက်အထားများ၊

(ဂ) ကုမ္ပဏီ၏သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ၊

(ဃ) ဘဏ္ဍာရေးအချက်အလက်နှင့်ပတ်သက်သည့် တွက်ချက်မှုဇယားများ

လေးစားစွာဖြင့်

(သန်းမြင့်)

အုပ်ချုပ်မှုဒါရိုက်တာ

NNO
Nyi Naung Oo
Company Limited

NYI NAUNG OO COMPANY LIMITED

Room-108, Building 1, Hotel Yangon Compound,
No. 91/93, Corner of Pyay Road & Kabaraye Pagoda Road,
8th mile Junction, Mayangone Township, Yangon, Myanmar.

Office Phone : (95) 1-04985724
E-mail: nyinaungoo.co.ltd@gmail.com

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ရက်စွဲ၊ ၄-၅-၂၀၁၆

အကြောင်းအရာ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ကတိ ဝန်ခံချက် တင်ပြခြင်း

၁။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းထားသော ညီနောင်ဦး ကုမ္ပဏီလီမိ တက်သည်ကရင်ပြည်နယ်၊မြဝတီမြို့မှ(၇)မိုင်ခန့်အကွာ မြဝတီသာက်န်းညီနောင် ကားလမ်းမြောက် ဘက်ခြမ်း မြဝတီကြိုးမြင်ကာကွယ်တောတွင်ရှိသည့် မြေဧက(၂၀၀)တွင်မြဝတီစီးပွားရေးဇုန် ကို တည်ထောင်ရန် ရင်းနှီးတည်ဆောက်သူအဖြစ် ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံ မှုကော်မရှင်၏ (၇-၄-၂၀၁၅) ရက်စွဲပါခွင့်ပြုမိန့်အမှတ် (မနသ-၁၀၄၉/၂၀၁၅)ဖြင့်ခွင့်ပြုခဲ့ပါ သည်။

၂။ ယခုအခါပထမအဆင့်အဖြစ်မြေကွက် (၄၅)ကွက် (၁၁၈.၁)ဧက ကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များသို့ စက်ရုံအလုပ်ရုံများ တည်ဆောက်နိုင်ရန်အတွက် မြေငှားရမ်းရေးတို့ကို စီစဥ်ဆောင်ရွက်လျက်ရှိပါသည်။ စက်ရုံအလုပ်ရုံများတည် ဆောက်ပြီး စက်လည် ပတ်နိုင်ရန်မှာ လျှပ်စစ်ဓါတ်အားရရှိရန်လိုအပ်ပါသည်။ National Power Grid Line မှလျှပ်စစ်ဓါတ်အားမရရှိနိုင်ပါသဖြင့် စီးပွားရေးဇုန်အတွင်းနှင့်ဇုန် နယ်နမိတ်အတွင်းရှိကျေးရွာများသို့ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးနိုင်ရန် ထိုင်းနိုင်ငံမှ လျှပ်စစ်ဓါတ်အား သွယ်တန်း ရယူရေးအတွက် ENOVA Grid Enterprise (Myanmar) Co.,Ltd နှင့် ညှိနှိုင်းထားပြီးဖြစ်ပါသည်။

၃။ အဆိုပါ လျှပ်စစ်ဓါတ်အားသွယ်တန်းရယူရေးကိစ္စအားကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနများသို့ တင်ပြသဘောတူညီချက် ရယူထားပြီးဖြစ်ရာ ယင်းလုပ်ငန်းအား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ခွင့်ပြုမိန့်ကိုလျှောက်ထားအပ်ပါသည်။ ဤသို့လျှောက်ထားရာတွင် အောက်ပါ တို့ကို ဝန်ခံကတိပြုပါသည်။

(က) ဤလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်သော လုပ်ငန်းဖြစ်ပါသည်။ နိုင်ငံခြားသား မည်သူမှပိုင်ဆိုင်မှုမရှိကြောင်း ဝန်ခံကတိပြုပါသည်။

(ခ) မီးဘေးကြိုတင် ကာကွယ်နိုင်ရန်အတွက် Fire Fighting Equipments များကို အသုံးပြုသွားမည်ဖြစ်ပါကြောင်း ဝန်ခံကတိ ပြုပါသည်။

(ဂ) ယခု အဆိုပြုတင်ပြသည့် လုပ်ငန်းသည် တစ်ကြိမ်တစ်ခါမျှ လုပ်ကိုင်ခဲ့ဘူးခြင်းမရှိသည့်လုပ်ငန်းသစ်ဖြစ်ပါသည်။

(ဃ) နိုင်ငံတော်မှ မြေယာနှင့် ပတ်သက်၍ပြဋ္ဌာန်းသတ်မှတ်ထားသည့် စည်းကမ်းဥပဒေများနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ပြဋ္ဌာန်းသတ်မှတ်ထားသည့်စည်းကမ်းဥပဒေများကိုလည်းလိုက်နာမည်ဖြစ် ပါကြောင်း ဝန်ခံကတိ ပြုပါသည်။

(င) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ဥပဒေ၊နည်းဥပဒေ အမိန့်ညွှန်ကြားချက်များနှင့် အညီ လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်းဝန်ခံကတိပြုပါသည်။

(စ) ခန့်အပ်မည့်ဝန်ထမ်းများ၏ လစာငွေမှာတစ်နှစ် လျှင်ကျပ် (၄၈၀၀၀၀၀)၊ အထက် ရရှိသောဝန်ထမ်းများ၏ ဝင်ငွေခွန်ကိုသတ်မှတ်ထားသည့် နှုန်းထားများအတိုင်း ကုမ္ပဏီမှ ပေးဆောင်မည်ဖြစ်ကြောင်းဝန်ခံကတိပြုပါသည်။

(သန်းမြင့်)
အုပ်ချုပ်မှုဒါရိုက်တာ

NYI NAUNG OO COMPANY LIMITED

Nyi Naung Oo Company Limited

Room-108, Building 1, Hotel Yangon Compound,
No. 91/93, Corner of Pyay Road & Kabaraye Pagoda Road,
8th mile Junction, Mayangone Township, Yangon, Myanmar.

Office Phone : (95) 1-04985724
E-mail: nyinaungoo.co.ltd@gmail.com

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ရက်စွဲ၊ ၂၀၁၆ခုနှစ်၊ဇွန်လ ရက်

အကြောင်းအရာ။ **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သဘောထား မှတ်ချက်အားကြောင်းပြန်ကြားခြင်းကိစ္စ။**

ရည်ညွှန်းချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂၄-၅-၂၀၁၆) ရက်စွဲပါ စာအမှတ်၊ ရက-၅(လ)/မ-၀၀၁/၂၀၁၆(၃၂၀)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်မည့် အစီအစဉ်များ ကို အောက် ပါအတိုင်းတင်ပြအပ်ပါသည်။

(က) လူမှုရေးဆိုင်ရာတာဝန်ခံဆောင်ရွက်မှု (Coporate Social Responsibility- CSR) အတွက်အမြတ်ငွေ၏ ၂% အသုံးပြုခြင်းကိုကတိကဝတ်များ အတိုင်းဆောင်ရွက်ပါ မည်။

(ခ) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း(Initial Environmental Examination-IEE)၊ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(Environmental Impact Assessment- EIA)နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Manage Plan-EMP)တို့ကို ရေးဆွဲတင်ပြနိုင်ရန် third party အဖွဲ့အစည်းနှင့် ညှိနှိုင်း ဆောင်ရွက်လျက်ရှိပြီး ယင်း အစီရင်ခံစာပါ အကြံပြုချက်များ အတိုင်းဆောင်ရွက်မည်ဖြစ်ပါသည်။ အစီရင်ခံစာ ရရှိပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ တင်ပြပါမည်။

(ခ) ပြဋ္ဌာန်းထားသည့် ပတ် ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ/နည်းဥပဒေ/လုပ်ထုံးလုပ်နည်းများ၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လုပ်မှု)လမ်းညွှန်ချက်များ နှင့်အညီ လိုက်နာဆောင်ရွက်မည်ဖြစ်ပါသည်။

လေးစားစွာဖြင့်

(သန်းမြင့်)
အုပ်ချုပ်မှု ဒါရိုက်တာ

Nyi Naung Oo
Company Limited

NYI NAUNG OO COMPANY LIMITED

Room-108, Building 1, Hotel Yangon Compound,
No. 91/93, Corner of Pyay Road & Kabaraye Pagoda Road,
8th mile Junction, Mayangone Township, Yangon, Myanmar.

Office Phone : (95) 1-04985724
E-mail: nyinaungoo.co.ltd@gmail.com

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ရက်စွဲ၊ ၂၀၁၆ခုနှစ်၊ ဇွန်လ ၂၈ ရက်

အကြောင်းအရာ။ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ သဘောထားမှတ်ချက်အား အကြောင်းပြန်ကြားခြင်းကိစ္စ**

ရည်ညွှန်းချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၇-၆-၂၀၁၆) ရက်စွဲပါ စာအမှတ်၊ ရက-၅(လ)/မ-၀၀၁/၂၀၁၆(၃၅၂)

၁။ အထက်အကြောင်းအရာပါ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်မည့် အစီအစဉ်များကို အောက်ပါအတိုင်းတင်ပြအပ်ပါသည်-

(က) မြဝတီသို့ နိုင်ငံတော်ဓါတ်အားပေးစနစ်မှဓါတ်အားရရှိပါက မြဝတီစီးပွားရေးဇုန်သို့ ဓါတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ဓါတ်အားလိုင်းနှင့် ဓါတ်အားခွဲရုံများ တည်ဆောက်ရာတွင် Transmission Line & Substation ကို 230 KV ဓါတ်အားပို့လွှတ်လက်ခံနိုင်ရေးနှင့် Distribution Line များကို နိုင်ငံတော်ဓါတ်အားစနစ်၏ Voltage System များဖြစ်သော 33Kv,11Kv စနစ်များဖြင့် ဓါတ်အားပို့လွှတ်လက်ခံနိုင်ရေးတို့ကို စီစဉ် ဆောင်ရွက်ထားပါမည်။

(ခ) စီးပွားရေးဇုန်အတွင်းသို့ နိုင်ငံတော်ဓါတ်အားပေးစနစ် ရောက်ရှိလာပါက ဇုန်အတွင်းရှိ လုပ်ငန်းရှင်များနှင့် ညီနောင်ဦးကုမ္ပဏီလီမိတက်တို့သည် တည်ဆဲလျှပ်စစ်ဥပဒေနှင့်လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ Infrastructure ကြေးနှင့်ဓါတ်အားခနှုန်းထားများကို သတ်မှတ်ချက်အတိုင်း ပေးသွင်းမည် ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

(ဂ) လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရောင်းချခြင်းအတွက် ခိုင်ကြေး (Royalty) ကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသို့ ပေးသွင်းမည်ဖြစ်ပါကြောင်းနှင့် ယင်းသို့ ပေးသွင်းနိုင်ရန်အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် နှစ်စဉ် စာချုပ်ချုပ်ဆို ဆောင်ရွက်မည် ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

လေးစားစွာဖြင့်

(သန်းမြင့်)

အုပ်ချုပ်မှုဒါရိုက်တာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
ခွင့်ပြုမိန့်

ပုံစံ (မနသ-၂)

ခွင့်ပြုမိန့် အမှတ်၊ မနသ- ၁၀၄၉ / ၂၀၁၅ ၂၀၁၅ ခုနှစ်၊ ဧပြီ လ ၇ ရက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂(ခ)အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည် -

(က) **ရင်းနှီးမြှုပ်နှံသူ၏အမည်** ဦးသန်းမြင့်

(ခ) **အဘ အမည်** ဦးတင်ဖေ

(ဂ) **နိုင်ငံသား/ အမျိုးသားမှတ်ပုံတင်အမှတ်** ၃/တကန(နိုင်) ၀၄၄၇၅၁

(ဃ) **နေရပ်လိပ်စာ** အမှတ်(ဒီ-၄၂၃)၊ သီရိရိပ်သာကွန်ဒို၊ ပြည်လမ်း၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

(င) **ဖွဲ့စည်းထားသည့်သို့မဟုတ်ဖွဲ့စည်းမည့်အဖွဲ့အစည်း** Nyi Naung Oo Co., Ltd. (ညီနောင်ဦး ကုမ္ပဏီလီမိတက်)

(စ) **ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်လုပ်ငန်းအမျိုးအစား** မြဝတီစီးပွားရေးဇုန် တည်ဆောက်၍ မြေယာများ ဖော်ထုတ်ငှားရမ်းခြင်းလုပ်ငန်း

(ဆ) **ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့်အရပ်ဒေသ(များ)** ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ မြဝတီမြို့မှ (၇)မိုင်ခန့်အကွာ၊ မြဝတီ-သင်္ကန်းညီနောင်ကားလမ်း မြောက်ဘက်ခြမ်း၊ မြဝတီ ကြိုးပြင်ကာကွယ်တောရှိမြေ ၂၀၁ ဧက

(ဇ) **မတည်ငွေရင်းပမာဏ(ကျပ်)** ၅၃၃၅.၀၀ သန်း (စုစုပေါင်း ကျပ် ငါးထောင် သုံးရာ သုံးဆယ့်ငါးသန်းတိတိ)

ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စာအမှတ်.........................
ရက်စွဲ.........................
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

အမိန့်ကြော်ငြာစာအမှတ်၊ ၃၆ /၂၀၁၅ (မနသ)

၂၀၁၅ ခုနှစ် ဧပြီ လ ၇ ရက်

၁။ မြန်မာကုမ္ပဏီဖြစ်သော Nyi Naung Oo Co., Ltd. (ညီနောင်ဦး ကုမ္ပဏီလီမိတက်) မှ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ မြဝတီမြို့မှ (၇)မိုင်ခန့်အကွာ၊ မြဝတီ-သင်္ကန်းညီနောင်ကားလမ်း မြောက်ဘက်ခြမ်း၊ မြဝတီ ကြိုးပြင်ကာကွယ်တောရှိမြေ ၂၀၁ ဧကတွင် မြဝတီစီးပွားရေးဇုန် တည်ဆောက်၍ မြေယာများ ဖော်ထုတ် ငှားရမ်းခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက် ခွင့်ပြုပါရန် ကရင်ပြည်နယ် အစိုးရအဖွဲ့မှတစ်ဆင့် အဆိုပြုချက် တင်ပြလာပါသည်။ အဆိုပြုလုပ်ငန်း ဆောင်ရွက်မည့်နေရာသည် ထိုင်း-မြန်မာ နယ်စပ်မျဉ်းမှ (၇)မိုင်ခန့်အတွင်း၌ တည်ရှိသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၄(ဃ)အရ ကန့်သတ်ထားသည့် လုပ်ငန်းတွင် ပါဝင်သော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ပုဒ်မ ၅ အရ လည်းကောင်း၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ အပိုဒ် ၁၂ နှင့် ၁၃ တို့အရ လည်းကောင်း စီးပွားရေးဇုန်အဖြစ်သတ်မှတ်ပေးရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ကျင်းပသော ၁/၂၀၁၅ ကြိမ်မြောက် အစည်းအဝေးမှ သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

၂။ အဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် တင်ပြလာခြင်းအား ၂၀၁၅ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် ကျင်းပသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၅/၂၀၁၅) ကြိမ်မြောက် အစည်းအဝေးမှ ခွင့်ပြုကြောင်းဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက် အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း (၅)၊ ပုဒ်မ ၁၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျှက် Nyi Naung Oo Co., Ltd. (ညီနောင်ဦး ကုမ္ပဏီလီမိတက်)အား မြဝတီစီးပွားရေးဇုန် တည်ဆောက်၍ မြေယာများ ဖော်ထုတ်ငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုမိန့်အမှတ်၊ မနသ-၁၀၄၉/၂၀၁၅ ကို ထုတ်ပေးလိုက်သည်။

၃။ Nyi Naung Oo Co., Ltd. (ညီနောင်ဦး ကုမ္ပဏီလီမိတက်) အနေဖြင့် ဤခွင့်ပြုမိန့်အရ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၁၁) အရ ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့် အောက်ပါအခွန် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့် ပြုနိုင်ရန် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည် -

(က) ဥပဒေပုဒ်မ ၂၀(က)အရ ဝန်ဆောင်မှုလုပ်ငန်း စီးပွားဖြစ် စတင်သောနှစ် အပါအဝင် တစ်ဆက်တည်း(၅)နှစ်အထိ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်။

(ခ) ဥပဒေပုဒ်မ ၂၀(ဂ)အရ လုပ်ငန်းမှ ရရှိသည့် အမြတ်ငွေကို သီးသန့် ရန်ပုံငွေထား၍ တစ်နှစ်အတွင်း လုပ်ငန်း၌ ပြန်လည် ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်

ကာလ ကုန်ဆုံးပြီး၍ အမှန်တကယ် ပြန်လည် ရင်းနှီးမြှုပ်နှံသည့်အခါ လုပ်ငန်း အမှန်တကယ် အကောင်အထည်ဖော်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဂ) ဥပဒေပုဒ်မ ၂၀(စ)အရ ဝင်ငွေခွန် ကင်းလွတ်ခွင့် ခံစားပြီး တစ်ဆက်တည်း နှစ်နှစ်အတွင်း အမှန်တကယ်ပေါ်ပေါက်သည့် အရှုံးငွေကို ယင်းသို့ အရှုံးပေါ်ပေါက်သည့် နှစ်မှစ၍ တစ်ဆက်တည်း သုံးနှစ်ကာလအထိ သယ်ယူခုနှိမ်ခွင့်ကို လုပ်ငန်း အမှန်တကယ် အကောင်အထည်ဖော်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဃ) ဥပဒေပုဒ်မ ၂၀(ဇ)အရ ဝင်ငွေခွန် စည်းကြပ်ရန်အလို့ငှာ ယာဉ်ယန္တရား၊ စက်ပစ္စည်း စက်ကိရိယာ၊ အဆောက်အအုံ သို့မဟုတ် လုပ်ငန်းသုံး အခြားမတည်ပစ္စည်းများ အပေါ်တွင် နိုင်ငံတော်က သတ်မှတ်ထားသည့် ပစ္စည်းတန်ဖိုး လျော့တွက်နှုန်းများ အတိုင်း တွက်ချက်ပြီး ပစ္စည်းတန်ဖိုး လျော့တွက်ငွေကို အမြတ်ငွေထဲမှ နှုတ်ပယ်ခွင့် နှင့်စပ်လျဉ်း၍ ယင်းတန်ဖိုးလျော့ နှုန်းထားများကို ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(င) ဥပဒေပုဒ်မ ၂၀(ည)အရ ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်ပြီး မူလရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းကို ခွင့်ပြုထားသည့် သက်တမ်း ကာလအတွင်း အမှန်တကယ် အသုံးပြုရန် လိုအပ်၍ ပြည်ပမှ တင်သွင်းသော ယာဉ်ယန္တရားများ၊ စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ အသုံးအဆောင် တန်ဆာပလာများ၊ စက်ကိရိယာ အစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်းသုံး ပစ္စည်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်း အခွန်အကောက်များဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်တို့ကို ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

၄။ Nyi Naung Oo Co., Ltd. (ညီနောင်ဦး ကုမ္ပဏီလီမိတက်) သည် ဤခွင့်ပြုမိန့်အရ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် မူလအဆိုပြုလွှာ၌ ဖော်ပြထားသည့် **ဝန်ဆောင်မှု ရည်မှန်းချက်များကို အနိမ့်ဆုံး ရည်မှန်းချက်များအဖြစ်** ထားရှိ ဆောင်ရွက် အကောင်အထည် ဖော်ရမည်။

၅။ Nyi Naung Oo Co., Ltd. (ညီနောင်ဦး ကုမ္ပဏီလီမိတက်) သည် ဤအဆိုပြုလုပ်ငန်း၏ စာရင်းများကို သီးခြား ပြုစုထားရှိရမည်။

၆။ Nyi Naung Oo Co., Ltd. (ညီနောင်ဦး ကုမ္ပဏီ လီမိတက်)သည် အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ အတည်ပြုပြီးဖြစ်သော ကရင်ပြည်နယ် အစိုးရအဖွဲ့နှင့် ချုပ်ဆိုမည့် မြေငှားရမ်းခြင်း သဘောတူစာချုပ်ပါ စည်းမျဉ်း၊ စည်းကမ်းများအတိုင်း လိုက်နာ ဆောင်ရွက်ရမည်။

၇။ အဆိုပြုလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့ နှင့် Nyi Naung Oo Co., Ltd. (ညီနောင်ဦး ကုမ္ပဏီလီမိတက်) တို့ ချုပ်ဆိုမည့် မြေငှားရမ်းခြင်းသဘောတူ

စာချုပ်ကို ကျသင့်သည့် တံဆိပ်ခေါင်းခွန်များ ပေးဆောင် ပြီးသည့်အခါ ယင်းသဘောတူ စာချုပ်မိတ္တူ (၅)စောင်စီကို ဤကော်မရှင်သို့ မပျက်မကွက် ပေးပို့တင်ပြရမည်။

၈။ မြေငှားရမ်းခြင်း သဘောတူ စာချုပ်သက်တမ်းမှာ ကနဦး နှစ် ၅၀ ဖြစ်သည်။ နောက်ထပ် (၁၀)နှစ်(၂)ကြိမ် သက်တမ်းတိုးမြှင့်ခွင့်အား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ တင်ပြ၍ ခွင့်ပြုချက်ရရှိပြီးမှသာ တိုးမြှင့်နိုင်သည်။

၉။ Nyi Naung Oo Co., Ltd. သည် မြေငှားရမ်းခအဖြစ် နှစ်(၅၀)အတွက် (၁)ဧကလျှင် ကျပ်သိန်း (၅၀)နှုန်းဖြင့် မြေ ၂၀၁ ဧကအတွက် ကျပ်သိန်း ၁၀၀၅၀ အား ငှားရမ်းခအဖြစ် ကရင်ပြည်နယ် အစိုးရအဖွဲ့သို့ အောက်ပါအတိုင်း အရစ်ကျပေးချေရမည် -

(က) ပထမအကြိမ် စာချုပ်ချုပ်ဆိုသည့်နေ့တွင် ကျပ်သိန်း ၂၅၀၀

(ခ) ဒုတိယအကြိမ် စာချုပ်ချုပ်ဆိုသည့်နေ့မှ ၁ နှစ် ပြည့်သည့် နေ့တွင် ကျပ်သိန်း ၄၀၀၀

(ဂ) တတိယအကြိမ် စာချုပ်ချုပ်ဆိုသည့်နေ့မှ ၂နှစ်ပြည့်သည့်နေ့တွင် ကျပ်သိန်း ၃၅၅၀

၁၀။ စီမံကိန်းအဆင့်(၁)တွင် မြေဧရိယာ ၁၃၉.၆၀ ဧကအနက် စက်ရုံအလုပ်ရုံများ တည်ဆောက်နိုင်ရန်အတွက် အကွက်ပေါင်း (၄၅)ကွက် ဧရိယာ ၁၁၈.၁၀ ဧကအား မြေငှားရမ်းခြင်း သဘောတူ စာချုပ်ချုပ်ဆိုသည့်နေ့မှ ၁၂လ အတွင်း ပြီးစီးအောင်ဖော်ထုတ်ရမည် ။

၁၁။ စီမံကိန်းအဆင့်(၂)တွင် မြေဧရိယာ ၅၉.၄၀ ဧကအနက် စီးပွားရေးဇုန်အင်္ဂါရပ်နှင့် ကိုက်ညီစေရန် အကွက်ပေါင်း(၁၀)ကွက် ဧရိယာ ၄၅.၂၇ ဧကအား မြေငှားရမ်းခြင်း သဘောတူစာချုပ်ချုပ်ဆိုသည့်နေ့မှ ၂၄ လ အတွင်း ပြီးစီးအောင်ဖော်ထုတ်ရမည်။

၁၂။ Nyi Naung Oo Co., Ltd. သည် အငှားချထားသည့်မြေနှင့် အဆောက်အဦများအား ငှားရမ်းခြင်းသက်တမ်း ကုန်သည့်သည့်အခါဖြစ်စေ၊ ငှားရမ်းခြင်းရပ်စဲသည့် အခါဖြစ်စေ ယင်းသို့ကုန်ဆုံးသည့်နေ့(သို့မဟုတ်) ရပ်စဲသည့်နေ့မှ (၆)လအတွင်း ကောင်းမွန်စွာ ပုံမှန်အသုံးပြုနိုင်သည့် အခြေအနေအတိုင်း ကရင်ပြည်နယ် အစိုးရအဖွဲ့သို့ အဖိုးစားနား တစ်စုံတစ်ရာမပါရှိဘဲ ပြန်လည်လွှဲပြောင်း ပေးအပ်ရမည်။

၁၃။ Nyi Naung Oo Co., Ltd. (ညီနောင်ဦး ကုမ္ပဏီလီမိတက်) သည် လုပ်ငန်းဆောင်ရွက်ရာတွင် မြို့ပြစီမံကိန်းနှင့် ကိုက်ညီစေရေးအတွက်လည်းကောင်း၊ သက်ဆိုင်ရာဥပဒေများ ပြဋ္ဌာန်းပေါ်ပေါက်လာသည့်အခါ အဆိုပါဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် ကိုက်ညီစေရန်လည်းကောင်း လိုက်နာဆောင်ရွက်ရမည်။

၁၄။ Nyi Naung Oo Co., Ltd. (ညီနောင်ဦး ကုမ္ပဏီလီမိတက်)၏ အဆိုပြုလုပ်ငန်းဆောင်ရွက်မည့် နေရာသည် ထိုင်း-မြန်မာ နယ်စပ်မျဉ်းမှ (၇)မိုင်အတွင်း၌ ရှိသဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိခိုက်စေမည့် နယ်စပ်ပြဿနာများ မဖြစ်ပေါ်စေရေးအတွက် မြဝတီ စီးပွားရေးဇုန် ကြီးကြပ်မှု ကော်မတီမှ ကြီးကြပ်ကွပ်ကဲရမည်။ ထို့ပြင် စီးပွားရေးဇုန်အင်္ဂါရပ်နှင့် ညီညွတ်စေရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ကြီးကြပ်ကွပ်ကဲရမည်။

၁၅။ Nyi Naung Oo Co., Ltd. (ညီနောင်ဦး ကုမ္ပဏီလီမိတက်) မှ ဖော်ထုတ်မည့် မြဝတီစီးပွားရေးဇုန်အတွင်းသို့ ထိုင်းနိုင်ငံဘက်မှ ခွင့်မပြုသည့်လုပ်ငန်းများ အထူးသဖြင့် အန္တရာယ်ရှိသည့် ဓါတုဗေဒနှင့် ပြဒါးပါဝင်သည့် ထုတ်လုပ်မှု လုပ်ငန်းများ ဝင်ရောက်ရင်းနှီးမြှုပ်နှံခြင်း မရှိစေရန်ကိုလည်းကောင်း၊ မြဝတီစီးပွားရေးဇုန်မှ ဖော်ထုတ်မည့် မြေကွက်များကို နိုင်ငံသားများသို့ ငှားရမ်းခြင်းကိုသာ ဆောင်ရွက်ရန်ဖြစ်ပြီး နိုင်ငံသား ရင်းနှီးမြှုပ်နှံသူများမှ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများသို့ ထပ်ဆင့်ရောင်းချခြင်း မပြုရန် မြဝတီစီးပွားရေးဇုန် ကြီးကြပ်မှု ကော်မတီမှ တာဝန်ယူ ဆောင်ရွက်ရမည်။

၁၆။ Nyi Naung Oo Co., Ltd. (ညီနောင်ဦး ကုမ္ပဏီလီမိတက်) မှ ဖော်ထုတ်မည့် စီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ပါက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက် တင်ပြပြီး ခွင့်ပြုမိန့်ရယူ ဆောင်ရွက်ရမည်။

၁၇။ Nyi Naung Oo Co., Ltd. (ညီနောင်ဦး ကုမ္ပဏီလီမိတက်) သည် အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန်အတွက် ပြည်တွင်းအလုပ်သမားများ ခန့်ထားရာတွင် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်ရမည်။ ထို့အပြင်အလုပ်ရှင်နှင့် အလုပ်သမား ဆက်ဆံရေးပြေလည်စေရန် အလေးထားဆောင်ရွက်ရမည်။ လုပ်ငန်းခွင် သာယာရေးနှင့် စာရင်းဇယားများ စနစ်တကျရှိစေရေးအတွက် အဆိုပြုချက်တွင် တင်ပြထားသည့်အတိုင်း စိစစ်ဆောင်ရွက်ရမည်။

၁၈။ Nyi Naung Oo Co., Ltd. (ညီနောင်ဦး ကုမ္ပဏီလီမိတက်) သည် ဤခွင့်ပြုမိန့်အရ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရာ၌ မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့် မီးဘေးအန္တရာယ် ထိန်းသိမ်းကာကွယ်ရေး အစီအမံများကို ဝန်ခံကတိပြုထားသည့်အတိုင်း စနစ်တကျထားရှိ ဆောင်ရွက်ရမည်ဖြစ်ပြီး မီးသတ်ဦးစီးဌာန၏ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ညွှန်ကြားချက်များနှင့် အမိန့်များကို တိကျစွာလိုက်နာ ဆောင်ရွက်ရမည်။

၁၉။ Nyi Naung Oo Co., Ltd. (ညီနောင်ဦး ကုမ္ပဏီလီမိတက်) သည် အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက်ပျက်စီးမှုများ လျော့နည်းစေရေးတို့အတွက် ဒေသခံများ၏ သဘောထားနှင့် အကြံပြုချက်များပါဝင်သည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(Environmental Impact Assessment —EIA)၊ လူမှုရေး ထိခိုက်မှုဆန်းစစ်ခြင်း (Social Impact Assessment- SIA)နှင့် ကျန်းမာရေးထိခိုက်မှု ဆန်းစစ်ခြင်း (Health Impact Assessment-HIA) အစီရင်ခံစာများကို ရေးဆွဲပြီး ကော်မရှင်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနတို့သို့ ပေးပို့အစီရင်ခံရမည်။

၂၀။ Nyi Naung Oo Co., Ltd. (ညီနောင်ဦး ကုမ္ပဏီလီမိတက်)သည် ဤခွင့်ပြုမိန့်အရ ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်ရာ၌ ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှု၊ မီးဘေးအန္တရာယ် စသည်များ မဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့် ပတ်ဝန်းကျင် ညစ်ညမ်းမှု ထိန်းသိမ်းကာကွယ်ရေး အစီအမံများကို ဝန်ခံကတိပြုထားသည့် အတိုင်း စနစ်တကျထားရှိ ဆောင်ရွက်ရမည်။ ထို့ပြင် နိုင်ငံတော်မှပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးမူဝါဒ၊ ပတ်ဝန်းကျင်

ထိန်းသိမ်းရေးဥပဒေ၊ အခြားသော ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာ နည်းဥပဒေများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ ယင်းသို့ဆောင်ရွက်ထားမှု အခြေအနေကို ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံရမည်။

၂၁။ Nyi Naung Oo Co., Ltd. (ညီနောင်ဦး ကုမ္ပဏီလီမိတက်)သည် ကနဦး လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဤခွင့်ပြုမိန့်ရရှိပြီး (သုံး)လ အတွင်း ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံရမည်။ ထို့ပြင်လုပ်ငန်း အကောင်အထည်ဖော်မှု အခြေ အနေများကို သတ်မှတ်ထားသော ပုံစံဇယားများဖြင့် (၃)လ တစ်ကြိမ် **မပျက်မကွက်** ပုံမှန် ပေးပို့ အစီရင်ခံရမည်။ အဆိုပြုလုပ်ငန်း၏ စီးပွားဖြစ် စတင်ဆောင်ရွက်သည့် နေ့ရက်ကို စီးပွားဖြစ် စတင်ပြီး (တစ်)လအတွင်း ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံရမည်။

၂၂။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်တွင် ဖော်ပြထားသည့် ရင်းနှီးမြှုပ်နှံသူ၏ အဖွဲ့အစည်း၏ နေရပ်လိပ်စာ (ကုမ္ပဏီ၏ ရုံးခန်းလိပ်စာနှင့် တယ်လီဖုန်းနံပါတ်)ပြောင်းလဲမှုရှိတိုင်း ဤကော်မရှင်သို့ **မပျက်မကွက်** တင်ပြ၍ အတည်ပြု ခွင့်ပြုချက်ကို ရယူရမည်။

၂၃။ Nyi Naung Oo Co., Ltd. (ညီနောင်ဦး ကုမ္ပဏီလီမိတက်) သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ ချမှတ်ထားသော တည်ဆဲစည်းမျဉ်း စည်းကမ်း သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

၂၄။ အဆိုပြုလုပ်ငန်းကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ခွင့်ပြုပြီး နောက်ပိုင်း အမိန့်ကြော်ငြာစာပါ စည်းကမ်းသတ်မှတ်ချက်များအတိုင်း ဆောင်ရွက်သွားရန် နှင့် ဤကိစ္စနှင့် ပတ်သက်၍ တာဝန်ယူစစ်ဆေးမည့် သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများသို့ ဆက်သွယ်ကာ ကြီးကြပ် စစ်ဆေးမှု ခံယူသွားရန်ဖြစ်သည်။

၂၅။ အဆိုပြုလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ရမည် ဖြစ်သဖြင့် မည်သည့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား အဖွဲ့အစည်းကမှ ပိုင်ဆိုင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း မရှိစေရ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ထုတ်ပေးထားသည့် ခွင့်ပြုမိန့်၊ သက်ဆိုင်ရာဌာနများမှ ထုတ်ပေးထားသည့် လုပ်ငန်းလိုင်စင်များ နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ပြည်ပမှ တင်သွင်းသည့် ပစ္စည်းများကို တစ်ဆင့် လွှဲပြောင်းခြင်း၊ ရောင်းချခြင်းမပြုရ။ အကယ်၍ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား အဖွဲ့အစည်းက ပိုင်ဆိုင်ကြောင်း သို့မဟုတ် ခွင့်ပြုမိန့်၊ လုပ်ငန်းလိုင်စင်များ နှင့် ပြည်ပမှတင်သွင်းသည့် ပစ္စည်းများကို တစ်နည်းနည်းဖြင့် စီမံခန့်ခွဲကြောင်း သက်ဆိုင်ရာက စစ်ဆေးတွေ့ရှိလျှင် လိုအပ်သလို အရေးယူနိုင် ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်မည့်အပြင် လုပ်ငန်းအဆိုပြုသူသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၃၂(င) အရ နောင်တွင် မည်သည့် ခွင့်ပြုမိန့်မျှ ထုတ်ပေးမည် မဟုတ်သော နာမည်ပျက် စီးပွားရေး လုပ်ငန်းစာရင်း၌ ထည့်သွင်းသည် အထိ အရေးယူခြင်းခံရမည်။

၂၆။ ဤခွင့်ပြုမိန့် ထုတ်ပေးသည့် နေ့မှစ၍ (တစ်)နှစ်အတွင်း အဆိုပြုလုပ်ငန်းကို စတင် ဆောင်ရွက်ခြင်းမပြုနိုင်ပါက ဤခွင့်ပြုမိန့်သည် အလိုအလျောက် ပျက်ပြယ်ပြီး ဖြစ်သည်ဟု မှတ်ယူ ရမည်။

(ဇေယျာအောင်)
ဥက္ကဋ္ဌ

စာအမှတ်၊ရက-၄ /မ- ၁၄၄၆/၂၀၁၅ (၂၇၄-၁)
ရက်စွဲ ၊ ၂၀၁၅ ခုနှစ် ဧပြီ လ ၇ ရက်

ဖြန့်ဝေခြင်း-

သမ္မတဦးစီးရုံး

ဒုတိယသမ္မတ(၁)ဦးစီးရုံး

ဒုတိယသမ္မတ(၂)ဦးစီးရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်များ

ပြည်ထဲရေးဝန်ကြီးဌာန

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

စက်မှုဝန်ကြီးဌာန

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ဘဏ္ဍာရေးဝန်ကြီးဌာန

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန

ဆောက်လုပ်ရေးဝန်ကြီးဌာန

အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန

ကရင်ပြည်နယ်အစိုးရအဖွဲ့၊ မြဝတီမြို့

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မီးသတ်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့လျှပ်စစ်ဓါတ်အားလုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့အာမခံလုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ ရန်ကုန်မြို့

မန်နေဂျင်းဒါရိုက်တာ၊ Nyi Naung Oo Co., Ltd. (ညီနောင်ဦး ကုမ္ပဏီလီမိတက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်

စာအမှတ်၊ ၂(၅) ၃ - ၁၁၈ /နပတ(၇၂၈)

ရက်စွဲ ၊ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်

အကြောင်းအရာ။ မြဝတီစက်မှုဇုန်ဖော်ထုတ်တည်ဆောက်ခြင်းလုပ်ငန်းအတွက်ချုပ်ဆိုမည့်မြေငှားရမ်းခြင်းသဘောတူစာချုပ်(မူကြမ်း) အပေါ် သဘောထားမှတ်ချက်တောင်းခံခြင်း

ရည် ညွှန်း ချက် ။ (၁) ကရင်ပြည်နယ်ဥပဒေချုပ်ရုံး၏ ၂၀-၈-၁၄ ရက်စွဲပါစာအမှတ်၊ ၃(၄) / ၄ / ၂-၁ / (၇၉၈)

(၂) ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ၁၇-၈-၁၄ ရက်စွဲပါ စာအမှတ်၊ ၂၀၀ / ၇-၂၁ / ဦး- ၆

၁။ ကရင်ပြည်နယ်၊ မြဝတီမြို့ရှိ စက်မှုဇုန်တည်ဆောက်ခြင်းလုပ်ငန်းအတွက် မြေငှားရမ်းရန် ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့်ညီနောင်ဦးကုမ္ပဏီလီမိတက်တို့အကြားချုပ်ဆိုမည့်စာချုပ်(မူကြမ်း) အပေါ် သဘောထားမှတ်ချက်ပေးပါရန် ရည်ညွှန်းချက်(၁)ပါစာဖြင့် ပေးပို့လာသောကိစ္စဖြစ်ပါသည်။

၂။ ကရင်ပြည်နယ်အစိုးရအဖွဲ့က စာချုပ်(မူကြမ်း) အပေါ် အကြံပြုချက်ပေးပါရန် ကရင်ပြည်နယ်ဥပဒေချုပ်ရုံးသို့ ရည်ညွှန်းချက်(၂)ပါစာဖြင့်ပေးပို့ခဲ့၍ ပြည်တွင်းပြည်ပငွေးနှီးမြှုပ်နှံမှုဆိုင်ရာစာချုပ် စာတမ်းဖြစ်သောကြောင့် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဌ)နှင့်အညီ ဤရုံးမှ သဘောထားမှတ်ချက်ပေးပါရန် ကရင်ပြည်နယ်ဥပဒေချုပ်ရုံးက ဤရုံးသို့ ရည်ညွှန်းချက်(၁) ပါစာဖြင့် ဆက်လက်ပေးပို့လာခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

၃။ ရည်ညွှန်းချက်(၁)ပါစာဖြင့် ပေးပို့လာသော စာချုပ်(မူကြမ်း) အား ဥပဒေရှုထောင့်မှ လေ့လာစိစစ်ပြီး အောက်ပါအတိုင်းသုံးသပ် အကြံပြုအပ်ပါသည်-

(က) စာချုပ်(မူကြမ်း) စာပိုဒ်အား ပုံစံကျနမှုရှိစေရန် မင်နီဖြင့် ပြင်ခင်ရေးသား ပေးလိုက်ပါသည်၊

(ခ) ရည်ညွှန်းချက်ပါစာတွင် မြဝတီမြို့ရှိ စက်မှုဇုန်တည်ဆောက်ခြင်းငှာပ်ငန်း မြေ ငှားရမ်းခြင်းဟုဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ စာချုပ်စည်းကမ်းချက် များတွင်စီးပွားရေးဇုန်တည်ဆောက်ခြင်းဟုဖော်ပြထားရာ မည်သည့်ဇုန်အမျိုး အစားတည်ထောင်မည်ကို တိကျစွာဖော်ပြသင့်ပါသည်၊

(ဂ) စာချုပ်(မူကြမ်း) ပါ အငှားချထားမည့်မြေ(၂၀၁)ဧက တည်ရှိသည့်လိပ်စာ၊ အကွက်အမှတ်များအား ပြည့်စုံစွာဖော်ပြရန်လိုအပ်ပါသည်။ စာချုပ်(မူကြမ်း) ရည်ရွယ်ချက်၊ ကိုယ်စားပြုခြင်းနှင့် အာမခံခြင်းခေါင်းစဉ်များအောက်ရှိ အပိုဒ် ၁၊ ၂ နှင့် ၃ တို့တွင်အငှားချထား မည့်မြေနေရာအားပူးတွဲပါမြေပုံဖြင့်ရည်ညွှန်း ထားသော်လည်းစာချုပ်(မူကြမ်း)တွင် နောက်ဆက်တွဲများပူးတွဲပါရှိလာခြင်း မရှိပါ။ အငှားချထားမည့်မြေနေရာ၏မြေပုံအားနောက်ဆက်တွဲဖြင့် ဖော်ပြရန် လိုအပ်ပြီး ယင်းတည်နေရာပြမြေပုံသည် သက်ဆိုင်ရာဌာနမှတရားဝင်ရေးဆွဲ ထားသောမြေပုံဖြစ်ရန်လိုအပ်ပါသည်။ နောက်ဆက်တွဲများသည် စာချုပ်၏ တစ်စိတ်တစ်ဒေသဖြစ်ပြီး နောက်ဆက်တွဲပါဖော်ပြချက်များသည် စာချုပ်ပါ စည်းကမ်းချက်များနှင့် ညီညွတ်မှုရှိစေရေး ဌာနမှစိစစ်ရန် လိုအပ်ပါသည်။ စာချုပ်လက်မှတ်ရေးထိုးသည့်အချိန်တွင် နောက်ဆက်တွဲများပြည့်စုံစွာပူးတွဲ ဖော်ပြရန်လိုအပ်ပါသည်၊

(ဃ) စာချုပ်(မူကြမ်း) တွင် ငှားရမ်းခြင်း၏သက်တမ်းနှင့် ငှားရမ်းခခေါင်းစဉ်အောက်၌ ငှားရမ်းသက်တမ်းနှင့် မြေအသုံးချမှုပရီမီယံကြေးတို့အား ရောထွေးဖော်ပြထားပြီး၊ ငှားရမ်းခနှင့်စပ်လျဉ်း၍ ဖော်ပြထားခြင်းမရှိပါ။ ငှားရမ်းသက်တမ်း၊ ငှားရမ်းခ၊ မြေအသုံးချမှုပရီမီယံကြေးတို့အား သီးခြားခေါင်းစဉ်များဖြင့်ဖော်ပြရန်လိုအပ်ပါသည်။ အပိုဒ် ၄ တွင် ငှားရမ်းခြင်းကာလကိုဖော်ပြရာ၌ "ကနဦးနှစ် ၅၀" ဟုသာ ဖော်ပြထားပြီး မည်သည့်နေ့ရက်မှစတင်ကြောင်း၊ မည်သည့်နေ့အထိဖြစ်ကြောင်းဖော်ပြမထား၍ ဖော်ပြရန်လိုအပ်ပါသည်။ ထို့ပြင် ငှားရမ်းကာလနှစ် ၅၀ နှင့် စပ်လျဉ်း၍ ယင်းစာပိုဒ်၌ရည်ညွှန်းဖော်ပြထားသည့် အပိုဒ်ခွဲ ၁၉ မှာ အကြောင်းကြားစာနှင့်စပ်လျဉ်းသည့်စည်းကမ်းချက်စာပိုဒ်ဖြစ်၍ ရည်ညွှန်းဖော်ပြလိုသည့် စာပိုဒ်နံပါတ်မှန်ကန်မှုရှိစေရေးအတွက် ဌာနမှတာဝန်ယူ စိစစ်ရန်ဖြစ်ပါသည်၊

(င) စာချုပ်(မူကြမ်း) တွင် ငှားရမ်းခနှင့်စပ်လျဉ်း၍ တစ်ကေလျှင်မည်မျှနှုန်းဖြင့် တစ်လကျသင့်ငွေ၊ တစ်နှစ်ကျသင့်ငွေတို့အား တိကျစွာဖော်ပြရန်၊ ငှားရမ်းခအား မည်သည့်နေ့ရက်တွင် မည်သည့်ပုံစံဖြင့်၊ မည်သည့်ဘဏ်သို့ပေးသွင်းရန်နှင့် သတ်မှတ်ကာလအပိုင်းအခြားအတွင်းပေးသွင်းခြင်းမရှိပါက၊ နောက်ကျဒဏ်ကြေးရယူခြင်းရှိ မရှိ သို့မဟုတ် မည်သို့စီမံဆောင်ရွက်မည်ဆိုသည်ကိုထည့်သွင်းဖော်ပြရန်လိုအပ်ပါသည်၊

(စ) စာချုပ်(မူကြမ်း) ငှားရမ်းခြင်း၏သက်တမ်းနှင့် ငှားရမ်းခခေါင်းစဉ်အောက်ရှိ အပိုဒ် ၅ တွင် မြေအသုံးချမှုပရီမီယံကြေးအား အရစ် (၃)ရစ်ဖြင့် ခွဲပေးချေရမည်ဖြစ်ကြောင်းဖော်ပြထားသော်လည်း ပေးသွင်းရမည့်နေ့ရက်များအား တိကျစွာဖော်ပြထားခြင်းမရှိသဖြင့် **တိကျစွာဖော်ပြရန်လိုအပ်ပါသည်။** မြေအသုံးပြုမှု

ပရီမီယံကြေးနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်ကို သီးခြားခေါင်းစဉ်ဖြင့် ဖော်ပြသင့်ပါသည်။ အပိုဒ် ၅(ခ)နှင့် (ဂ)အရ လုပ်ငန်းမစတင်နိုင်လျှင်၊ လုပ်ငန်းမပြီးစီးလျှင် ယင်းအရစ်ကျငွေများကိုမရရှိနိုင်ကြောင်း သတိပြုသင့်ပါသည်၊

(ဆ) စာချုပ် (မူကြမ်း) ဆောင်ရွက်ရမည့်လုပ်ငန်းများခေါင်းစဉ်အောက်ရှိ အပိုဒ် ၆ တွင် စီမံကိန်းပထမအဆင့်အားဖော်ပြထားပါသည်၊ စီမံကိန်း၏အား အဆင့် မည်မျှအထိခွဲခြားသတ်မှတ်ထားကြောင်း ဖော်ပြပါရှိပါခြင်းမရှိပါ။ မည်သည့် ကာလတွင် မည်သည့်အဆင့်ကိစ္စရပ်များပြီးစီးရမည်ကို ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။ ထို့ပြင် စာချုပ်ပါလုပ်ငန်းစီမံကိန်းတည်ဆောက်မှုအဆင့်များ ကို မည်သည့်နည်းပညာအဆင့်အတန်း၊ စံနှုန်းများဖြင့်ဆောင်ရွက်ရမည်ဆို သည်ကို နောက်ဆက်တွဲဖြင့်ဖော်ပြရန်လိုအပ်ပါသည်၊

(ဇ) စာချုပ်(မူကြမ်း)အပိုဒ် ၇(က)တွင် "ဌားရမ်းသည့်ကာလများအတွက် ဌားရမ်းခ များကို သတ်မှတ်သဘောတူထားသောနေ့ရက်တွင် သတ်မှတ် ဌားရမ်းခကို တစ်ကြိမ်တည်းဖြင့်အပြေအကြေပေးရမည်" ဖြစ်ကြောင်းဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ဖော်ပြချက်မှာရှင်းလင်းမှုမရှိပါ။ ယင်းကိစ္စရပ်မှာစာချုပ်တွင် အရေးကြီးသောကိစ္စရပ်ဖြစ်ပါသည်။ စာချုပ်တွင်တိကျစွာထည့်သွင်းဖော်ပြ ရန်အထူးလိုအပ်ပါသည်။ စာချုပ်(မူကြမ်း)တွင် ဌားရမ်းခနှင့်စပ်လျဉ်း၍ ဖော်ပြထားခြင်းမရှိပါ၍ ဌာနမှ ပြန်လည်စိစစ်သင့်ပါသည်။ ထို့ပြင် "သက်ဆိုင် ရာအာဏာပိုင်များသို့ ပေးဆောင်ရမည့်ဝန်ဆောင်မှုနှင့် စပ်လျဉ်းသည့် အခကြေးငွေ" ဆိုသည်မှာ မည်သည်ကိုဆိုလိုကြောင်း ရှင်းလင်းမှုမရှိ၍ ပြန်လည်စိစစ်သင့်ပါသည်၊

(ဈ) စာချုပ်(မူကြမ်း) အငှားချထားခြင်းခံရသူများ၏ တာဝန်များခေါင်းစဉ် အောက်ရှိ အပိုဒ် ၇(ဂ) ပါ အခွန်အခကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေး ဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်းထားရန်လိုအပ်ပါသည်။ ထို့ပြင် အခွန်အခများ နှင့် စပ်လျဉ်း၍ သီးခြားခေါင်းစဉ်ဖြင့် ထည့်သွင်းဖော်ပြရန်လိုအပ်ပါသည်၊

(ည) စာချုပ် (မူကြမ်း) တွင် မလွဲမရှောင်နိုင်သည့်ဖြစ်ရပ်များခေါင်းစဉ်ဖြင့် မလွန် ဆန်နိုင်သောဖြစ်ရပ်အားအပိုဒ် ၁၂ ၌ ဖော်ပြထားကြောင်း တွေ့ရှိရသဖြင့် အလားတူစာချုပ်များတွင် အသုံးပြုလေ့ရှိသောစာပိုဒ်အား Slip ကပ်ပေး လိုက်ပါသည်၊

(ဋ) စာချုပ်(မူကြမ်း) စာချုပ်ရုပ်သိမ်းခြင်းခေါင်းစဉ်အောက်ရှိ အပိုဒ်ခွဲ ၁၃(စ)တွင် "၎င်း စာချုပ်ဝင်တစ်ဖက်မှ စာချုပ်ပါတာဝန်များဆောင်ရွက်ရန်ပျက်ကွက် ခြင်း" ဟုဖော်ပြထားရာယင်းစည်းကမ်းချက်အစား "စာချုပ်ဝင်တစ်ဖက်ဖက် မှ စာချုပ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုဆောင်ရွက်ရန်ပျက်ကွက်ခြင်း" ဟု ပြောင်းလဲဖော်ပြပါက ပိုမိုသင့်လျော်မည်ဟုယူဆပါ၍မင်နီဖြင့် ပြင်ဆင် ပေးလိုက်ပါသည်၊

(ဌ) စာချုပ်(မူကြမ်း) အနုညာတစီရင်ဆုံးဖြတ်ခြင်းခေါင်းစဉ်အောက်ရှိ အပိုဒ် ၁၅ တွင် အငြင်းပွားမှုဖြစ်ပွားပါက အနုညာတနည်းဖြင့်ဖြေရှင်းမည်ဖြစ်ကြောင်း ဖော်ပြထားရာ အလားတူစာချုပ်များတွင် အသုံးပြုလေ့ရှိသည့် အနုညာတခုံရုံး နည်းလမ်းဖြင့်ဖြေရှင်းသည့်နည်းလမ်းအား Slip ကပ်ပေးလိုက်ပါသည်။အငြင်း ပွားမှုဖြေရှင်းရာတွင် ယင်းနည်းလမ်းအပြင် အခြားသင့်လျော်ရာ နည်းလမ်း တစ်ခုဖြစ်သည့်တရားရုံးတွင် ဖြေရှင်းသည့်နည်းလမ်းကိုလည်း ရွေးချယ်နိုင် ပါကြောင်းဖော်ပြအပ်ပါသည်။ တရားရုံးတွင်ဖြေရှင်းသည့် နည်းလမ်းကို

ရွေးချယ်မည်ဆိုပါက "ဤစာချုပ်နှင့်စပ်လျဉ်း၍ အငြင်းပွားမှု တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက စာချုပ်ဝင်နှစ်ဦးနှစ်ဖက်ငြိမ်းချမ်းသော နည်းလမ်းဖြင့် ဖြေရှင်းရမည်။ အငြင်းပွားမှုအားငြိမ်းချမ်းစွာဖြေရှင်း၍မရပါက ဥပဒေနှင့်အညီ စီရင်ပိုင်ခွင့်ရှိသောတရားရုံး၏အဆုံးအဖြတ်ကိုခံယူရမည်" ဟူ၍ ဖော်ပြရန်ဖြစ်ပါသည်၊

(ဍ) စာချုပ်(မူကြမ်း) တွင် လွှမ်းမိုးနိုင်သောအက်ဥပဒေခေါင်းစဉ်ဖြင့် အပိုဒ် ၁၆ အားဖော်ပြထားပါသည်။ ယခုစာချုပ်(မူကြမ်း)သည် မြန်မာနိုင်ငံသားအချင်းချင်းချုပ်ဆိုမည့် စာချုပ်ဖြစ်၍ ယင်းအပိုဒ်အားထည့်သွင်းဖော်ပြရန်မလိုအပ်သဖြင့် မင်နီဖြင့် ပယ်ဖျက်ပေးလိုက်ပါသည်၊

(ဎ) စာချုပ်(မူကြမ်း) တွင် သက်တမ်းတိုးမြှင့်ခြင်းစာပိုဒ်မပါရှိပါသဖြင့် သီးခြားခေါင်းစဉ်ဖြင့်ထည့်သွင်းဖော်ပြရန်လိုအပ်ပြီး သက်တမ်းတိုး တစ်ကြိမ်လျှင်မည်မျှနှစ်ဖြင့်အကြိမ်ရေမည်မျှတိုးမြှင့်နိုင်ကြောင်းကို ဖော်ပြရန်လိုအပ်ပါသည်၊

(ဏ) စာချုပ်(မူကြမ်း) တွင် ရင်းနှီးမြှုပ်နှံမှုပမာဏပါရှိလာခြင်းမရှိ၍ ထည့်သွင်းဖော်ပြရန်လိုအပ်ပါသည်၊

(တ) စာချုပ်(မူကြမ်း) တွင် စာချုပ်သက်တမ်းသာပါရှိလာပြီး ငှားရမ်းကာလပါရှိလာခြင်းမရှိ၍ သီးခြားခေါင်းစဉ်ဖြင့်ဖော်ပြရန်လိုအပ်ပြီး ငှားရမ်းကာလသည် စာချုပ်သက်တမ်းအတွင်းကျရောက်ရမည်ကို သတိပြုရန်ဖြစ်ပါသည်၊

(ထ) စာချုပ်(မူကြမ်း) တွင် EIA ၊ SIA ၊ EMP ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖော်ပြထားခြင်းမရှိပါ။ စာချုပ်ပါလုပ်ငန်းစီမံကိန်းသည်ကြီးမားကျယ်ပြန့်မည်ဟုယူဆပါသဖြင့် အဆိုပါကိစ္စရပ်များအား သတ်မှတ်ကာလအပိုင်းအခြား

အတွင်း ဆောင်ရွက်တင်ပြရန်နှင့် တင်ပြချက်များအားစိစစ်ပြီး စီမံကိန်း ဆောင်ရွက်နိုင်မှသာလျှင် ဤစာချုပ်ကိုချုပ်ဆိုသင့်သည်ဟု ယူဆပါသည်၊

(ဒ) စာချုပ်(မူကြမ်း)တွင်စာပိုဒ်အမှတ်စဉ်များပြောင်းလဲမှုရှိနိုင်၍ စာပိုဒ်အမှတ်စဉ် များမှန်ကန်မှုရှိနိုင်ရေးအတွက် ဌာနမှတာဝန်ယူ စိစစ်ရန်ဖြစ်ပါသည်၊

(ဓ) စာချုပ်(မူကြမ်း) တွင် မြေနှင့် အဆောက်အဦများအား ပြန်လည်လွှဲပြောင်း ပေးအပ်ခြင်း၊ မြေနှင့် အဆောက်အဦသို့ပြန်လည်ဝင်ရောက်ပိုင်ခွင့်၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းစသည့် စာပိုဒ်များမပါရှိ၍ မင်နီဖြင့် ရေးသားပေးလိုက်ပါသည်၊

(န) စာချုပ်(မူကြမ်း) ပါ အငှားချထားမည့် မြေပေါ်တွင် လယ်မြေ၊ ယာမြေ၊ ဥယျာဉ်ခြံမြေ၊ ရွာမြေများပါရှိခြင်းရှိ မရှိ၊ ပါရှိပါက အဆိုပါမြေပေါ်တွင် စာချုပ်ပါလုပ်ငန်းစီမံကိန်းဆောင်ရွက်မှုအတွက် အများပြည်သူအားထိခိုက် ခြင်းရှိ မရှိ၊ ယင်းမြေပေါ်တွင်နေထိုင်လုပ်ကိုင်သူအများပြည်သူက ရွှေ့ပြောင်း ဖယ်ရှားပေးလိုခြင်းရှိ မရှိ၊ ဖယ်ရှားပေးမည်ဆိုပါက သင့်လျော်သော တန်ဖိုးကိုပေးချေရန်ရှိ မရှိ၊ ရွှေ့ပြောင်းဖယ်ရှားပေးလိုခြင်းမရှိသည့်နေရာ များတွင် မည်သို့စီမံဆောင်ရွက်မည် စသည့် စည်းကမ်းချက်များထည့်သွင်း ဖော်ပြသင့်ပါသည်၊

(ပ) စာချုပ်(မူကြမ်း)တွင်တည်ဆောက်ရေးလုပ်ငန်းများပါရှိနေရာ လုပ်ငန်း စတင် သည့်နေ့၊ လုပ်ငန်းပြီးစီးသောနေ့၊ တည်ဆောက်ရေးကာလများအား သီးခြား ခေါင်းစဉ်ဖြင့်ထည့်သွင်းဖော်ပြရန်လိုအပ်ပါသည်။ ထို့ပြင် တည်ဆောက်ရေး ကာလ၌မြေငှားရမ်းခရယူခြင်းရှိ မရှိထည့်သွင်းဖော်ပြရန်နှင့် ကင်းလွတ်ခွင့်

ပြုပါက ထိုသို့ကင်းလွတ်ခွင့်ပြုကြောင်းကို ထည့်သွင်း ဖော်ပြရန်လိုအပ်ပါသည်၊

(ဖ) စာချုပ်(မူကြမ်း) တွင် ကွက်လပ်များပါရှိနေရာ စာချုပ်ချုပ်ဆိုချိန်တွင် ပြည့်စုံစွာဖြည့်စွက်ပြီးဖြစ်ရန်လိုအပ်ပါသည်၊

(ဗ) စာချုပ်(မူကြမ်း) ၌ လုပ်ငန်းဆောင်ရွက်မှုအာမခံငွေရယူခြင်းရှိ မရှိ ဌာနမှ ပြန်လည်စဉ်းစားသင့်ပါသည်၊

(ဘ) လိုအပ်သောနေရာတွင် မင်နီဖြင့် ပြင်ဆင်ပေးလိုက်ပါသည်။

၄။ စာချုပ်(မူကြမ်း)ပါဖော်ပြချက်များအရအငှားချထားခြင်းခံရသူသည် ကရင်ပြည်နယ်အစိုးရထံမှမြေငှားရမ်း၍ မြဝတီမြို့နယ်အတွင်း စီးပွားရေးဇုန်တည်ထောင်မည်ဖြစ်ကြောင်းတွေ့ရှိရပါသည်။ အဆိုပါ စီးပွားရေးဇုန်သည် အထူးစီးပွားရေးဇုန်အဖြစ်တည်ထောင်မည်ဆိုပါက ၂၀၁၄ ခုနှစ်၊ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါသည်။

၅။ စာချုပ်(မူကြမ်း)တွင် ဆောင်ရွက်မည့် လုပ်ငန်းပိုင်းဆိုင်ရာဖော်ပြထားချက်များမှာ ရှင်းလင်းမှုမရှိသည့်အပြင် ပြည့်စုံမှုမရှိဟုယူဆပါသည်။ သို့ပါ၍ စာချုပ် မချုပ်ဆိုမီ ကျွမ်းကျင်သူများနှင့် ဦးစွာသေချာ စွာစိစစ်သင့်သည်ဟုသဘောရရှိပါသည်။

၆။ ဤ စာချုပ် (မူကြမ်း)ကိုပြည်ထောင်စုရှေ့နေချုပ်ဥပဒေနှင့်အညီဥပဒေကြောင်း အရသာ ဥပဒေအကြံဉာဏ်ပေးခြင်း ဖြစ်ပါသည်။ ဥပဒေရေးရာမဟုတ်သည့် စီမံရေးရာ၊ ဘဏ္ဍာရေးရာ၊ ကျွမ်းကျင်မှု ဆိုင်ရာကိစ္စရပ်များကို ဤရုံးအနေဖြင့် မှတ်ချက်ပေးရန်မရှိပါကြောင်းနှင့် ယင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကျွမ်းကျင်သူများနှင့်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန်အကြံပြုပါသည်။

၇။ ညီနောင်ဦးကုမ္ပဏီလီမိတက်သည် ဥပဒေနှင့်အညီ တရားဝင် ဖွဲ့စည်းထားသော ကုမ္ပဏီဟုတ် မဟုတ်၊ စာချုပ်ပါလုပ်ငန်းများကို လုပ်ကိုင်နိုင်စွမ်းနှင့် လုပ်ကိုင် နိုင်ခွင့်ရှိ မရှိ၊ ငွေကြေးအင်အားပြည့်စုံမှုရှိ မရှိ၊ စာချုပ်တွင်လက်မှတ်ရေးထိုးမည့်သူသည်တရားဝင် လွှဲအပ်ခြင်း ခံရသူဟုတ် မဟုတ် စသည့်အချက်များနှင့်စပ်လျဉ်း၍ ကြိုတင်စိစစ်ရန် လိုအပ်မည်ဖြစ် ပါသည်။

၈။ ဤ စာချုပ်(မူကြမ်း) ကို လက်မှတ်ရေးထိုးချုပ်ဆိုပြီးပါက မှတ်တမ်းတင်ထားနိုင် ရန် အတွက် ဤရုံးသို့ မိတ္တူ(၃)စောင်ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၉။ ဤ အကြံပြုချက်ကို လျှို့ဝှက်အဆင့် သတ်မှတ်ဆောင်ရွက်ရန်ဖြစ်ပါသည်။

၂၇/၉/၂၀၁၄

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)

(မေသီလင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

ရုံးအဖွဲ့မှူး

ကရင်ပြည်နယ်ဥပဒေချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း
REVENUE STAMP

